**Karenni National Progressive Party**

**Headquarters**

**Tel**: +66 898526619 , **E-mail**: knpphq2013@gmail.com

**P.O.Box**: 20, Mae Hong Son, 58000, Thailand

(၁၂)ကြိမ်မြောက်ပါတီကွန်ကရက်

(၆)လပတ်ပါတီဗဟိုကော်မီတီပုံမှန်အစည်းအဝေး

ကရင်နီအမျိုးသားတိုးတက်ရေးပါတီ

## ထုတ်ပြန်ကျေညာချက်အမှတ် (၃/၂၀၁၅)

၁။ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ၊ (၁၂)ကြိမ်မြောက်ပါတီကွန်ကရက်၊ (၆) လပတ်ပါတီဗဟိုကော်မီတီပုံမှန်အစည်းအဝေးအား ကရင်နီပြည်လွတ်မြောက်နေရာတစ်နေရာတွင် ၂၀၁၅ခုနှစ်၊ ဩဂုတ်လ (၄) ရက်နေ့မှ (၇) ရက်နေ့အထိ၊ အောင်မြင်စွာကျင်းပပြုလုပ်ခဲ့ရာ အစည်းအဝေးကြီးသို့ ပါတီအမြဲတမ်းဗဟိုကော်မတီဝင်များ၊ ပါတီဗဟို ကော်မတီဝင်များနှင့် အရံပါတီဗဟိုကော်မတီဝင်များ (၃၂) ဦးရှိသည့်အနက် (၂၉) ဦးစုံလင်စွာတက်ရောက်ဆွေးနွေးခဲ့ကြပါသည်။ ပထမ (၆)လပတ် ပါတီဗဟိုကော်မီတီပုံမှန်အစည်းအဝေးအတွင်းပြီးခဲ့သည့် (၆)လတာ ပါတီနှင့်ကရင်နီအစိုးရတို့မှ ဆောင်ရွက်ခဲ့ကြသည့်လုပ်ငန်းအစီရင်ခံစာများကို သုံးသပ်အတည်ပြုခဲ့ကြပြီး ရှေ့လုပ်ငန်းစဉ်များအား အကြေအလည် ဆွေးနွေး၍ ချမှတ်ခဲ့ကြပါသည်။ ထို့အပြင်လက်ရှိမြန်မာနိုင်ငံ၏ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုအခြေအနေများနှင့်တိုင်းရင်းသားတော်လှန်ရေးလက်နက်ကိုင်များအကြား တစ်နိုင်ငံလုံးအတိုင်းအတာအပစ်အခတ်ရပ်စဲရေးအခြေအနေများကိုလည်း သုံးသတ်ဆွေးနွေးခဲ့ပါသည်။

၂။ ထို့အပြင် ကရင်နီပြည်တွင်းရှိ သယံဇာတများအား လက်ရှိစီးပွားရေးလုပ်ငန်းရှင်များ၊ ခရိုနီများနှင့်ပူးပေါင်း၍ ထုတ်ယူသုံးစွဲနေမှုများအပေါ်တွင်လည်း ပြန်လည်သုံးသပ်ခြင်းများကိုပြုလုပ်ခဲ့ရာ ကရင်နီပြည်တွင်းတွင် အဖိုးတန်ကျွန်းသစ်နှင့်သစ်မာများမှာကုန်ခန်းလုနီးပါးဖြစ်နေပြီဖြစ်သည်။ထိုမျှမကကရင်နီပြည်တွင်းသစ်တောများပြန်လည်ထိန်းသိမ်းခြင်းလုပ်ငန်းနှင့် ပြန်လည်ပြုစုပျိုးထောင်ရေးလုပ်ငန်းများမှာလည်း လွန်စွာနည်းပါးလျှက်ရှိသည်ကိုတွေ့မြင်ရပါသည်။

၃။ လက်ရှိမြန်မာနိုင်ငံအတွင်းကျရောက်လျက်ရှိသော သဘာဝဘေးအန္တရယ်ဆိုးကြီးမှာလည်း သစ်တောများပြုန်းတီးခြင်း၊ သယံဇာတများအား အလွန်အကျွံတူးဖေါ်သုံးစွဲခြင်းကြောင့် ရာသီဥတုဖောက်ပြန်မှုဖြစ်ပေါ်နေခြင်းဖြစ်ကြောင်း မိမိတို့ကရင်နီအမျိုးသားတိုးတက်ရေးပါတီအနေဖြင့် သုံးသပ်ရှုမြင်သည်။ ထို့အပြင် မြန်မာနိုင်ငံအနေဖြင့် ယနေ့ကမ္ဘာ့သစ်တောပြုန်းတီးမှုအများဆုံးနိုင်ငံထဲတွင် ပါဝင်နေပြီး သစ်တောပြန်လည်ပြုစုထိန်းသိမ်းခြင်းကိုပြုလုပ်ရန် လွန်စွာအရေးကြီးနေပြီဟု ထင်မြင်ယူဆပါသည်။

၄။ သို့ဖြစ်ပါ၍ ကရင်နီအမျိုးသားတိုးတက်ရေးပါတီအနေဖြင့် သဘာဝပတ်ဝန်းကျင်အား ရေရှည်တည်တံ့ခိုင်မြဲရန်ရည်ရွယ်၍လည်းကောင်း၊ နောက်လာနောက်သားများ၏ အကျိုးစီးပွားအားမျှော်ကိုးခြင်းအားဖြင့်လည်းကောင်း၊ ကရင်နီပြည်တွင်းဆိုးဝါးသည့်သဘာဝဘေးဒဏ်ကျရောက်မည့်အန္တရယ်ကို တားဆီးလို၍လည်းကောင်း ကျန်ရှိသည့်ကျွန်းသစ်နှင့် သစ်မာများအား အသစ်ထပ်မံခုတ်လှဲခြင်း၊ စီးပွားဖြစ်လုပ်ကိုင်ဆောင်ရွက်ခြင်းများအား လုံးဝတားဆီးပိတ်ပင်ကြောင်း ထုတ်ပြန်ကျေညာအပ်ပါသည်။

ပါတီဗဟိုဌာနချုပ်

ကရင်နီအမျိုးသားတိုးတက်ရေးပါတီ

**နေ့စွဲ။** **။ ၂၀၁၅ခုနှစ်၊ ဩဂုတ်လ (၈)ရက်**